( ဂ ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီး၏ ပညာသင်စေလွှတ်မှုများကို ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ မရှိ စိစစ်သုံးသပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တစ်လတစ်ကြိမ် အစီရင်ခံတင်ပြရန်၊

(ဃ) တပ်မတော် (ကြည်း၊ ရေ၊ လေ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်မှုထမ်းများအား ပြည်ပသို့စေလွှတ်ရန်ကိစ္စပေါ်ပေါက်လာပါက ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက် ရရှိမှသာ ပြည်ပသို့စေလွှတ်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်ရန်၊

( င ) ပညာသင်ဆုစိစစ်ခွဲဝေရာတွင် ဘာသာရပ်နှင့် အများဆုံးသက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ ညှိနှိုင်းခွဲဝေပေးရန်၊

( စ ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ နိုင်ငံခြားပညာသင်စေလွှတ်ရာတွင် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ စည်းကမ်းတကျ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး အတွက် ကော်မတီ၏အစည်းအဝေးအား လိုအပ်သလို ခေါ်ယူကျင်းပဆောင်ရွက်ရန်၊

(ဆ) ကော်မတီအဖွဲ့အနေဖြင့် စေလွှတ်ခဲ့သည့် ပညာသင်များ၏ ဘာသာရပ်ခေါင်းစဉ်များအလိုက် စုစည်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ လက်ဆင့်ကမ်းဖြန့်ဝေပို့ချခြင်း စသည့်လုပ်ငန်း များအား ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြံပြုနှိုးဆော်ခြင်းများ ဆောင်ရွက်ရန်။

၂။ **လုပ်ပိုင်ခွင့်။** နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် နိုင်ငံခြားသို့ ပညာသင် စေလွှတ်ရာတွင် ဝန်ကြီးဌာနများ၏ လုပ်ငန်းသဘောသဘာဝနှင့် ပညာသင်ဆုကမ်းလှမ်းသော ဘာသာရပ်အကြောင်းအရာ၊ ကိုက်ညီမှုရှိသည်များကို ခွဲဝေသတ်မှတ်နိုင်သည်။

( ခ ) ပညာသင်စေလွှတ်ရာတွင် နိုင်ငံခြားတိုင်းပြည်မှ (Nomination) လုပ်သည့်အနေဖြင့် ၎င်းတို့ ရွေးချယ်သတ်မှတ်သည့်ပုဂ္ဂိုလ်အား စေလွှတ်ရေးအဆိုပြုလာခြင်းကို ခွင့်မပြုရန် စိစစ် ဆောင်ရွက်နိုင်သည်။

( ဂ ) သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ကြိုတင်ရွေးချယ်ခွင့်ပြုချက်ဖြင့် ကာယကံရှင်ဝန်ထမ်း ကိုယ်တိုင် ပညာသင်ဆုများကို Online မှတစ်ဆင့် လျှောက်ထားပြီး ဖြေဆိုအောင်မြင်ပါက

သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် ပညာသင်ဆု တင်ပြတောင်းခံလာသည့်အခါ ခွင့်ပြုပေးနိုင်သည်။

(ဃ) ပညာသင်ဆုများနှင့်ပတ်သက်၍ပညာသင်ဆုအပြည့်အဝကျခံပေးမည်ဆိုပါကမူလမဟာဘွဲ့မှ ပါရဂူဘွဲ့သို့ အရည်အချင်းပြည့်မီပြီး သတ်မှတ်ချက်များနှင့်ညီညွတ်သဖြင့် ပြောင်းလဲ တက်ရောက်လိုလျှင် မြန်မာနိုင်ငံသို့ပြန်လာပြီးမှ ပြန်လည်တင်ပြရမည်။ သင်တန်းတစ်ခု တက်ရောက်၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး (၃) လ မပြည့်သေးသူကို နောက်သင်တန်း တစ်ခုတက်ရောက်ရန် စေလွှတ်ခွင့်မရှိပါ။ သို့ရာတွင် ဘာသာရပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်း အတွက် အမှန်တကယ် လိုအပ်ချက်ကြောင့် အထူးကိစ္စတစ်ရပ်အနေဖြင့် အမှာစာတွင် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ဖြင့် တင်ပြလာသော ကိစ္စရပ်တို့အပေါ် ကော်မတီမှ လိုအပ်သလို စိစစ်ခွင့်ပြုပေးနိုင်သည်။

( င ) နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့အတွက် အခြားသောဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက် ရယူထုတ်ပြန်နိုင်သည်။

( စ ) ပညာသင်ကာလ တိုးမြှင့်တောင်းခံလာသည့် ကိစ္စများနှင့်ပတ်သက်ပြီး သတ်မှတ်ကာလ အတွင်း သုတေသနကျမ်းအား တင်သွင်းနိုင်ခြင်းမရှိပါက ပညာသင်ကာလတိုးမြှင့်ခြင်းကို မဟာဘွဲ့၊ ပါရဂူဘွဲ့များအတွက် ၆ လ ၂ ကြိမ် (တစ်ကြိမ်လျှင် အများဆုံး ၆ လဖြင့် စုစုပေါင်း အများဆုံး ၁ နှစ်) သာ တိုးမြှင့်ပေးမည်ဖြစ်ပါသည်။ ပညာသင်ကာလတိုးမြှင့် တောင်းခံမှုအတွက် သက်ဆိုင်ရာ တက္ကသိုလ်နှင့် သံရုံးထောက်ခံချက်၊ ဝန်ကြီးဌာန/အဖွဲ့အစည်း အကြီးအမှူးကိုယ်တိုင် ထောက်ခံချက်ဖြင့် တင်ပြလာပါက နိုင်ငံခြားပညာတော်သင် စိစစ် ရွေးချယ်စေလွှတ်ရေးကော်မတီမှ စိစစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ တင်ပြရမည်။

(ဆ) မြန်မာနိုင်ငံရှိ ပညာရေးဌာနများက သင်ကြားပေးနိုင်သော ဘာသာရပ်များအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများက အထူးလိုအပ်ကြောင်း ထောက်ခံချက်ပါရှိသည့် မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်များကို စိစစ်ခွင့်ပြုပေးရန် ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးမူဝါဒရေးရာ၊ သုတေသန၊ နိုင်ငံတကာဆက်ဆံရေးနှင့် သင်တန်းဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်သက်သက်လှ ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့စ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

### အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ်သတ်မှတ်ခြင်း

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။　ယင်းပြင်ဆင်သတ်မှတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး အား နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/

ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် သက်ပြည့်ပင်စင်ခံစားနေပြီဖြစ်သဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညို အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးစိုင်းထွန်းညိုသည် နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏ တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀/- (ကျပ် နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် တွဲဖက်ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း ၂၁၃၁၁ ဗိုလ်မှူးချုပ် မိုးကျော် အား နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ကော်မတီဝင်အဖြစ် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၃၀/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးငွေသိန်း<br>တ/ ၃၆၄၂ | ကသာ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးငြိမ်းချမ်းအောင်<br>တ/ ၃၂၁၂ | သရက်ချောင်း<br>တနင်္သာရီတိုင်းဒေသကြီး |
| ၃။ | ဦးတိုးတက်အောင်<br>တ/၃၆၅၃ | စလင်း<br>မကွေးတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီး တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်လင်းဦး<br>တ/ ၄၀၂၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>နန်းယွန်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဦးအောင်ခိုင်မြဲ<br>တ/ ၄၀၂၇ | (မြို့နယ်တရားသူကြီးတာဝန်)<br>မချမ်းဘော<br>ကချင်ပြည်နယ် |
| ၃။ | ဦးရာဇာမင်းထက်<br>တ/ ၄၀၂၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကိုကိုးကျွန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးရောင်နီငြိမ်းချမ်း<br>တ/ ၄၀၆၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>ပူတာအို<br>ကချင်ပြည်နယ် |
| ၅။ | ဦးဖြိုးဝင်းတင့်<br>တ/ ၄၀၆၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>လဟယ်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးအောင်မျိုးသန့်<br>တ/ ၄၀၆၉ | (မြို့နယ်တရားသူကြီးတာဝန်)<br>လေရှီး<br>စစ်ကိုင်းတိုင်းဒေသကြီး |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၅ အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ရုံးအဆောက်အအုံများ၊ နိုင်ငံပိုင်အိမ်ရာအဆောက်အအုံများနှင့် ပစ္စည်းများပျက်စီး ဆုံးရှုံးမှုလျော့နည်းသက်သာစေရေး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ထိခိုက်မှုမရှိစေရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များကြိုတင်ကာကွယ်နိုင်ရေးနှင့် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုများအား အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးစစ်အေး<br>ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ဆွေဝင်း<br>ကော်မရှင်အတွင်းရေးမှူး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်မြင့်လွင်<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းတည်<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |

(င) ဒေါက်တာ ထွန်းထွန်းဦး အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(စ) ဦးတိုးရီ အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

(ဆ) ဦးကောင်းဇော်သန့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဇ) ဦးဇော်မင်းထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဈ) ဦးထိန်လင်း အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ည) ဦးလွင်အောင် တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ဌာနတွင်းအင်အားစုများကို လိုအပ်သလိုထုတ်နုတ်သုံးစွဲနိုင်ရေးအတွက် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စများအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာအခြေခံမူဝါဒများချမှတ်ပေးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးသက်ဆိုင်ရာဌာနများပါဝင်သည့်လုပ်ငန်းအဖွဲ့များကို အဆင့်ဆင့်ဖွဲ့စည်းပေးခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျှော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများလက်ဝယ်သို့ ကယ်ဆယ်ရေးပစ္စည်း များနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်နှင့် လိုအပ်သောအရင်းအမြစ်များအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြတောင်းခံ၍ ကော်မရှင်ရှိ လိုအပ်သောဌာနများသို့ ကူညီပံ့ပိုးပေးခြင်း၊

(ဇ) ဘေးသင့်သူများအတွက် လိုအပ်သောလူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့နိုင်ရန် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အကူအညီပေးသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ညှိနှိုင်း ဖော်ဆောင်ပေးခြင်း၊

(ဈ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး နှင့် အခက်အခဲအဟန့်အတားများမရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့ရချိန်နှင့် ကြုံတွေ့ပြီးချိန်များတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၃။ ယခင်ထုတ်ပြန်ထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/ ၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စစ်အေး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

### ခရိုင်စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) နှင့် နည်းဥပဒေများ၊ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ

ကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးနိုင်ရန်အတွက် ခရိုင်စားသုံးသူရေးရာကော်မတီများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကချင်ပြည်နယ်**

(၁) **ဗန်းမော်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **မိုးညှင်းခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) ကရင်ပြည်နယ်

မြဝတီခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (၄) | ခရိုင်တာဝန်ခံ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ဂ ) စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) ပဲခူးတိုင်းဒေသကြီး

(၁) ပြည်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ခရိုင်တာဝန်ခံ<br>ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) တောင်ငူခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ခရိုင်ဦးစီးမှူး<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) သာယာဝတီခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( ဂ ဂ ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ခရိုင်ကျန်းမာရေးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င င ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( င ) ဧရာဝတီတိုင်းဒေသကြီး

(၁) ဟင်္သာတခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဂ ဂ ) | ဆေးရုံအုပ်ကြီး<br>ခရိုင်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( င င ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) မြောင်းမြခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ဦးစီးမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ဦးထိန်ဝင်း<br>တိုင်းရင်းဆေးသမားတော် | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) မအူပင်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | အမှုဆောင်အရာရှိ<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ခရိုင်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၄) ဖျာပုံခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ခရိုင်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၅) မြန်အောင်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယခရိုင်ကုသရေးဦးစီးဌာနမှူး<br>မြို့နယ်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ငင) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ခရိုင်စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စားသုံးသူတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ ကနဦးစုံစမ်းမေးမြန်းခြင်းများကိုဆောင်ရွက်၍ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်/ ဦးစီးမှူးရုံးများသို့ တင်ပြခြင်း၊

(ခ) စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဃ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပြုစု၍ စားသုံးသူများသို့ ဖြန့်ဝေနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(စ) ဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက စီမံခန့်ခွဲရေး နည်းလမ်းအရ ချမှတ်ထားသော အမိန့်များအပေါ် လိုက်နာမှု ရှိ မရှိ စိစစ်လေ့လာ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကော်မရှင်က ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအပေါ် လိုက်နာမှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ထွန်းအုံ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် အာမခံကြေးများကို ပြင်ဆင်သတ်မှတ်ပေးသွင်းစေခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၃ တွင် ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေး နှုန်းထားကို သတ်မှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉) တွင် မှတ်တမ်းတင်ပြီးနောက် နည်းဥပဒေ ၂၄ အရ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၃ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် ဗဟိုကော်မတီက သတ်မှတ်သည့်အာမခံကြေးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပေးသွင်းရမည်ဟု ပြဋ္ဌာန်း ထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် အောက်ပါအတိုင်း အာမခံကြေးကို ပေးသွင်းရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) တောင်သူလယ်သမားနှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသော ဧက ၅၀ နှင့် အောက် ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၅,၀၀၀ (ကျပ်ငါးထောင်) နှုန်း၊

(၂) စီးပွားဖြစ်လုပ်ကိုင်လိုသောမြေသည် ၅၀ ဧက အထက်ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ (ကျပ်ငါးသောင်း) နှုန်း၊

( ခ ) မွေးမြူရေးလုပ်ငန်းတွင် တစ်ကေလျှင် ကျပ် ၅၀,၀၀၀ (ကျပ်ငါးသောင်း) နှုန်း၊

( ဂ ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်ခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေအသုံးချခွင့်ကိုသာ ခွင့်ပြုခြင်းတွင် တစ်ကေလျှင် ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း)နှုန်း၊

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင်-

(၁) အစိုးရဌာနဆိုင်ရာ/သာသနာရေး/စည်ပင်သာယာရေးအဖွဲ့ အသုံးပြုရန်လုပ်ငန်းများတွင် တစ်ကေလျှင် ကျပ် ၃၀,၀၀၀ (ကျပ်သုံးသောင်း) နှုန်း၊

(၂) ပုဂ္ဂလိက/ကုမ္ပဏီ/အဖွဲ့အစည်းများအသုံးပြုရန်လုပ်ငန်းများတွင် တစ်ကေလျှင် ကျပ် ၅၀,၀၀၀ (ကျပ်ငါးသောင်း) နှုန်း။

၅။ ၂၀၂၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

မင်းနောင်

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲ ၁၈၃၀ ရဲမှူးချုပ် ဝင်းမင်းသိန်း အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှစ၍ ရဲရေးဌာနကြီး၌ ရဲရေးချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ချထား လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၄/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး၊ မှုခင်းဌာနမှ ညွှန်ကြားရေးမှူး ရဲ ၂၄၀၂ ယာယီရဲမှူးကြီး ငွေတိုး အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၄၇၁၇ ယာယီရဲမှူးကြီး ဇော်မင်းထွန်း အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၇၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ **ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အလိုရှိကြောင်း ကြေညာလိုက်သည်-

**မြေတည်ရှိရာဒေသ**

| တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ကျေးရွာအုပ်စု အမည် | ကွင်း/အကွက်အမှတ် အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| မကွေး | ပခုက္ကူ | ကံလှ၊ တင်းဂါတ် | ၃၆၄-က/ ကံလှ အနောက်ကွင်း၊ ၃၆၅/ တောကန်ကွင်း၊ ၃၆၆/ ရွှေမုတ္တောကွင်း | ၁၊ ၂၊ ၃၊ ၄/၁၊ ၄/၂၊ ၅/၁၊ ၅/၂၊ ၅/၃၊ ၅/၄ က၊ ၅/၄ခ၊ ၆၊ ၇၊ ၈၊ ၆၃/၃၊ ၉၁၊ ၉၂ | ၅၉.၂၅ |
| **စုစုပေါင်း** | | | | **၁၆ ခု** | **၅၉.၂၅** |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃(ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်း ကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်ရန် ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်း လိုက်သည်။

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၆ အရ အထက်ဖော်ပြပါမြေများကို သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ **ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)** အတွက် သိမ်းဆည်းရန် အလိုရှိကြောင်း ကြေညာလိုက်သည်။

**မြေအကြောင်းအရာဖော်ပြချက်။** တိုင်းတာသတ်မှတ်ထားသော မြေ၏ ကွင်းအမှတ်/ အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များအား **နောက်ဆက်တွဲ** ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဖော်ပြပါမြေ၏ အလား (၄) ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့လားသော် - ဦးပိုင်အမှတ် (၆၄)

အနောက်လားသော် - ဦးပိုင်အမှတ် (၃၆၅)

တောင်လားသော် - ပခုက္ကူ-ပေါက်ကားလမ်း

မြောက်လားသော် - ဦးပိုင်အမှတ် (၈၉၊ ၉၀)

စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်၍ အထက်ဖော်ပြပါမြေပုံကို ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာထုတ်ဆင့်ပြီးနောက် (၁၅) ရက် ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ **ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)** အဖြစ် အသုံးပြုရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမည်ဟု မြေသိမ်းကော်လိတ္တော်အရာရှိအား ညွှန်ကြားလိုက်သည်။

မြေသိမ်းဆည်းလွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၇၉/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၈၀/ထောင်လယ်)၊ ဦးပိုင်အမှတ် (၄၃/ခ) ရှိ မြေဧရိယာ ၁.၂၃၂ ဧက၊ ဦးပိုင်အမှတ် (၄၃/ဃ) ရှိ မြေဧရိယာ ၀.၅၀၆ ဧက၊ ဦးပိုင်အမှတ် (၄၃/င) ရှိ မြေဧရိယာ ၀.၇၇၂ ဧက **စုစုပေါင်းမြေဧရိယာ ၂.၅၁၀ ဧက** အား **ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၀/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ် (၉) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၃၁၃/ ညောင်အင်းမြောက်ကွင်း)၊ မြေကွက်အမှတ်- သီးသန့် (၄၅)ရှိ **မြေဧရိယာ ၁.၄၁ ဧက** အား **ပဲခူးခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၆/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁၀၁/၂၀၁၅၊ ၂၅-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၂၂၄/၂၀၁၅ နှင့် ၂၁-၈-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁၁၁၂/၂၀၁၇ တို့ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးသို့ မြေသိမ်း၊ မြေလွှဲခွင့်ပြုပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၀/A၊ ၄၀၄/A)၊ မြေကွက်အမှတ် (၈၂၊ ၈၄၊ ၅၇/က၊ ၆၀/က၊ ၆၂/က၊ ၆၃/က၊ ၆၄/က၊ ၈၃/A၊ ၇၉/A) ရှိ **စုစုပေါင်းမြေဧရိယာ ၇.၀၆၅ ဧက** ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ယခင်ကုန်းလမ်း ပို့ဆောင်ရေးက မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့် ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂-၂-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၉)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားလာ ပါသည်။

မြန်မာ့မီးရထားသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၇.၀၆၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၈၇/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၂/ GTC တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၄) ရှိ **မြေဧရိယာ ၀.၁၆၀ ဧကအား ကန့်ဘလူခရိုင်**

**စာရင်းစစ်ရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၈၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၁၇၈၃ᶜ၊ ပန်းတင်တောင်)၊ ဦးပိုင်အမှတ် (၈၀)၊ မြေဧရိယာ ၁.၃၉ ဧက၊ မြေကွက်အမှတ် (၄၄၄)၊ မြေဧရိယာ ၅၀.၀၀ ဧကနှင့် အကွက်အမှတ်နှင့် အမည် (၁၇၈၃ᶜ၊ ပန်းတင်တောင်၊ ၁၇၈၂၊ ရွှေမောင်အောင်း)၊ ဦးပိုင်ပေါင်း (၃၄) ခု၊ မြေဧရိယာ ၆၆.၉၄ ဧက **စုစုပေါင်းမြေဧရိယာ ၁၁၈.၃၃ ဧက** ရှိ မြေအား **ကာကွယ်ရေးဝန်ကြီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၉၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၁၉၀၃ ရဲမှူးကြီး ကျော်ကျော်ဟန် အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၌ ပြည်နယ် ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၂၉၂/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၁၉၃၀ ရဲမှူးကြီး ထူးအောင် အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး လေကြောင်းရဲတပ်ဖွဲ့၌ တပ်ဖွဲ့မှူးအဖြစ် တပ်ဖွဲ့အတွင်းတာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၂၉၃/၂၀၂၅)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ အမှတ် (၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၁၉၂၆ ရဲမှူးကြီး မျိုးဇော်နိုင် အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှစ၍ ရေကြောင်းရဲတပ်ဖွဲ့၌ပင် ဒုတိယတပ်ဖွဲ့မှူးအဖြစ် တပ်ဖွဲ့အတွင်း တာဝန်ချထားလိုက်သည်။

(ဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၂၉၆/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၂၅ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၂၉၇/၂၀၂၅)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေဝင်း (ပ/ ၅၅၀၄)အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှစ၍ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲ ၂၆၇၈ ဒုတိယရဲမှူးကြီး မြင့်ထူး အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) သို့ ပြောင်းရွှေ့ကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တွင် တွဲဖက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၃/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၅၄၆၀ ယာယီရဲမှူးချုပ် သန့်လွင်မောင် အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၆) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ရဲ ၃၆၄၅ ရဲမှူးကြီး ဌေးဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ဇူလိုင်လ ၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အမှုထမ်း (၁) ဦးအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင် သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ဒေါ်မွန်မွန်အောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ (အုပ်ချုပ်/ စီမံ တွဲဖက်) |

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်း

စာရေးသူ Libra ရေးသားသည့် **ရစ်ပတ်နှောင်တွယ် မောင့်ထံဝယ်** စာအုပ်အား ပုံနှိပ်မှတ်တမ်း ဖော်ပြထားခြင်းမရှိဘဲ ထုတ်ဝေထားသည်ကိုတွေ့ရှိရပြီး ယင်းစာအုပ်ပါ အကြောင်းအရာများသည် ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ ''ညစ်ညမ်းစာများကို ဖော်ပြခြင်း'' စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရသဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၉ အရ အဆိုပါ ထုတ်ဝေစာအား တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်)

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၇-၃-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် **တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) **တင်ဒါကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | ဥက္ကဋ္ဌ |
| (ခခ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းတာဝန်များ |
|---|---|
| (ကက) | နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀ ပါ ညွှန်ကြားချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှု ရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိ ကို စိစစ်ရမည်။ |
| (ခခ) | ကျပ်သန်း ၁၀၀ အောက် တိုက်ရိုက်/ ကန့်သတ် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများ အတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း ၁၀၀ အထက် ဝယ်ယူ/ ရောင်းချခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။ |
| (ဂဂ) | ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှု ရယူခြင်းလုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန် မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်။ |
| (ဃဃ) | ကျပ် ၂၀ သန်းမှ ကျပ်သန်း ၂၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။ |

( င င ) ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှု ရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက် ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( စ စ ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံး ကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဆဆ) ရောင်းချရမည့် ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေး တန်ဖိုးအတွက် ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ် ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ Website တွင် (၁၄) ရက် ကြိုတင်ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

( ဇ ဇ ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဈ ဈ ) ဌာနပိုင်ပုံသေပိုင်ပစ္စည်း ငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့်ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈ ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ညည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့်နေ့ရက်မှစ၍ (၂) လထက် မပိုစေရန်နှင့် ရှုပ်ထွေးပြီး

ကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

( ငှငှ ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်။

( ဋဋ ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်။

( ဍဍ ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဃဃ ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဏဏ) နည်းပညာအရမြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(တတ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ထထ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဒဒ ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဓဓ ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

( နန ) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကိုဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

( ပပ ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေး အစီအစဉ်ရေးဆွဲအတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်။

( ဖ ဖ ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဗ ဗ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်။

(ဘဘ) တင်ဒါအောင်မြင်သူအား ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

( မ မ ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ယယ) နိုင်ငံတကာ တင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေ သုံးစွဲရမည့် ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ ဝန်ဆောင်မှုများ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ရ ရ ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်။

(လလ) ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသော အရောင်းကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် (၃) ပါ တင်ဒါနည်းလမ်းများကို အသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဝ ဝ ) တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၇-၃-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း

တိကျစွာလိုက်နာဆောင်ရွက်သွားရန်နှင့် ယခင်ညွှန်ကြားချက် အမိန့်ကြော်ငြာစာများသည် ယခုညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ယခုညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရမည်။

၃။ တင်ဒါကော်မတီသည် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများအားလုံးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၄။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန် ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ တင်ဒါကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၁၇-၃-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၆။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၄ ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်နိုင်ရန်အတွက် "တင်ဒါကော်မတီ" အား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၅)

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်)

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တင်ဒါကော်မတီဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊

ဝန်ဆောင်မှုရယူခြင်း၊ ငွေးရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် **ဝန်ကြီးဌာနတင်ဒါကော်မတီ** အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ အောင်ကြီး<br>ဒုတိယဝန်ကြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဆွေလင်း<br>အမြဲတမ်းအတွင်းဝန် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာ ရဲတင့်ထွန်း<br>ညွှန်ကြားရေးမှူးချုပ် | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးခင်ဇော်<br>ညွှန်ကြားရေးမှူးချုပ် | ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာ ဝင်းထွဋ်<br>ညွှန်ကြားရေးမှူးချုပ် | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်ထွန်းအေး<br>ညွှန်ကြားရေးမှူးချုပ် | စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ် | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးလှထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန် | ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀ ပါ ညွှန်ကြားချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိ ကို စိစစ်ရမည်။

(ခ) ကျပ်သန်း ၁၀၀ အောက် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏

စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်နိုင်ပြီး ကျပ်သန်း ၁၀၀ အထက် ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဂ ) ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများ အတွက် ကန့်သတ်မှုမရှိသောတင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်။

(ဃ) ကျပ် ၂၀ သန်းမှ ကျပ် သန်း ၂၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသောတင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန်သတ်မှတ်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာကြေညာခြင်း ရှိ မရှိ စိစစ်ရမည်။

( င ) ကျပ် သန်း ၂၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသောတင်ဒါ ဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြေညာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( စ ) ရောင်းချရမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး အတွက် ကျပ် ၂၀ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်း များတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဆ) ရောင်းချရမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာ များတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာကြေညာ၍ Website တွင် (၁၄) ရက် ကြိုတင်ကြေညာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဇ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဈ) ဌာနပိုင်ပုံသေပိုင်ပစ္စည်းငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့်ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈" ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၂) လထက်မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

(ဋ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်။

(ဌ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်။

(ဍ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဎ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြက်နှင့်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဏ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(တ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ထ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဒ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဓ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(န) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

( ပ )  တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ်ရေးဆွဲ အတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်။

( ဖ )  တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဗ )  တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူ ထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်။

(ဘ)  တင်ဒါအောင်မြင်သူအား ကြေညာခြင်း။

( မ )  နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ယ)  နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်များ မှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများငှားရမ်းခြင်းနှင့် ရောင်းချခြင်း ကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ရ )  ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး ဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်။

(လ)  ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသောအရောင်းကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် ၃ ပါ တင်ဒါနည်းလမ်းများကိုအသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

( ဝ )  တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် တင်ဒါလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အစ (၂) လအတွင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိဘဲဆောင်ရွက်ရန် စိစစ်ကြပ်မတ်ရမည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်)

**ဘိလပ်မြေထုတ်လုပ်သူများအသင်းဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်အရ ပြည်တွင်း၌လိုအပ်လျက်ရှိသော ဘိလပ်မြေများကို ဘိလပ်မြေစက်ရုံများမှ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုနှင့် စက်ရုံများစက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဘိလပ်မြေထုတ်လုပ်သူများအသင်းကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးရင်မောင်ညွန့်<br>ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | နာယက |
| (ခ) | ဦးအောင်ဇော်နိုင်<br>အမှုဆောင်အရာရှိချုပ်<br>ရွှေတောင်ဘိလပ်မြေစက်ရုံ | ဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်မြတ်<br>ဥက္ကဋ္ဌ<br>Mother Group of Company | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒေါ်မီမီဝင်းညီ<br>အထွေထွေမန်နေဂျာ<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အလုပ်အမှုဆောင် |
| (င) | ဦးသုတ<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာစီးပွားရေးကော်ပိုရေးရှင်း | အလုပ်အမှုဆောင် |

| | | |
|---|---|---|
| ( စ ) | ဦးခင်မောင်ဆွေ<br>စက်ရုံမှူး<br>ဆင်မင်းဘိလပ်မြေစက်ရုံ<br>မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် | အလုပ်အမှုဆောင် |
| (ဆ) | ဦးအောင်သန်းဝင်း<br>မန်နေဂျာ<br>ငွေရည်ပုလဲဘိလပ်မြေစက်ရုံ | အလုပ်အမှုဆောင် |
| ( ဇ ) | ဦးစောမြသောင်း<br>ဒါရိုက်တာ<br>မက်(စ်)မြန်မာဘိလပ်မြေစက်ရုံ | အလုပ်အမှုဆောင် |
| ( ဈ ) | ဦးရဲမျိုးမင်း<br>ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်ခင်လေးနွယ်<br>ဒုတိယအင်ဂျင်နီယာချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဦးအောင်ပေါ်ထွန်း<br>အင်ဂျင်နီယာချုပ်<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဦးနန္ဒ<br>ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဦးမြင့်ဌွေး<br>ဒုတိယစက်ရုံမှူး<br>အမှတ် (၃၁) အကြီးစားစက်ရုံ (သရက်)<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ဦးဝင်းနိုင်ဦး — အဖွဲ့ဝင်
ခေတ္တစက်ရုံမှူး
အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း)
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ဏ) ဦးကျော်မင်း — အဖွဲ့ဝင်
ဒါရိုက်တာ
ပတ္တမြားနဂါးဘိလပ်မြေစက်ရုံ

(တ) ဦးတေဇ — အဖွဲ့ဝင်
ဒါရိုက်တာ
ရတနာစိုင်းကောင်းမြတ်ကျော်ကုမ္ပဏီ
(ရန်ကုန်စည်ပင်ဘိလပ်မြေစက်ရုံ)

(ထ) ဦးမောင်မောင်မြင့် — အဖွဲ့ဝင်
ဒါရိုက်တာ
ရှမ်းရိုးမဘိလပ်မြေစက်ရုံ

(ဒ) ဦးကိုကိုယု — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာဆင်ဘိလပ်မြေစက်ရုံ

(ဓ) ဦးဇော်ကိုကိုလတ် — အဖွဲ့ဝင်
ဒါရိုက်တာ
AAA ဘိလပ်မြေစက်ရုံ

(န) ဦးကျော်နိုင်စိုး — ဘဏ္ဍာရေးမှူး
ဒါရိုက်တာ
ရွှေတောင်ဘိလပ်မြေစက်ရုံ

(ပ) ဒေါက်တာ စိန်ကျော် — အတွင်းရေးမှူး
ဒါရိုက်တာ
Myanmar Conch Cement Co.,Ltd

(ဖ) ဦးကျော်သူ — တွဲဖက်အတွင်းရေးမှူး

စက်ရုံမှူး

သံတော်မြတ်ဘိလပ်မြေစက်ရုံ

၂။ ဘိလပ်မြေထုတ်လုပ်သူများအသင်း၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အသင်းသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) အသင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြားအသင်းအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်း ကင်းရမည်၊ ပါတီနိုင်ငံရေးကင်းရှင်းရမည်။

(ဂ) အသင်း၏ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားအကျိုးကို အထောက်အကူပြုနိုင်စေရမည်။

(ဃ) အသင်းသည် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်သည်။

(င) အသင်းသည် ဤဖွဲ့စည်းပုံစည်းမျဉ်းပါ ရည်ရွယ်ချက်များ၊ မူဝါဒများနှင့်အညီ ပြည်သူကိုဗဟိုပြု၍ လူမှုလုပ်ငန်းများကို ကူညီသောရည်ရွယ်ချက်များဖြင့်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(စ) အသင်းသည် မိတ်ဖက်အခြားလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများဖြစ်ထွန်းစေရေး ဦးတည်ဆောင်ရွက်ရမည်။

(ဆ) အသင်းသည် နိုင်ငံတော်၏တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊ နိုင်ငံတော်၏ လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုရမည်၊ နိုင်ငံသားများ၏ အခွင့်အရေးကို လေးစားရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘာသာသာသနာကိုးကွယ်ယုံကြည်မှုကို လေးစားရမည်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်ရမည်။

(ဇ) အသင်းသည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော ပြည်တွင်းအသင်းအဖွဲ့ဖြစ်၍ နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။

(ဈ) အသင်းသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ခွင့်ရှိသည်။

(ည) ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ပညာရှင်များမွေးထုတ်ရန်နှင့် ယင်းတို့၏ အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက် ပြည်တွင်း/ပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရမည်။

(ဋ) အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးရမည်။

(ဌ) ပြည်တွင်း၌ ဘိလပ်မြေထုတ်လုပ်နိုင်မှု၊ သုံးစွဲမှုနှင့် ပြည်ပမှတင်သွင်းသည့် ဘိလပ်မြေပမာဏတို့အား စာရင်းပြုစု၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြနိုင်ရေးဆောင်ရွက်ပေးရမည်။

(ဍ) စက်ရုံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာ၌ အခက်အခဲများဖြစ်ပေါ်လာမှုအား တင်ပြလာပါက အသင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်ပေးရမည်။

(ဎ) သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ဆောင်ရွက်ရမည်။

(ဏ) သဘာဝသယံဇာတအရင်းအမြစ်များလျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရမည်။

(တ) ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများနှင့် သတင်းအချက်အလက်နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာအသုံးချနိုင်သည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးနေဆန်း [၈/ဂဂန (နိုင်) ဝ၀၂၄၀၆] ညွှန်ကြားရေးမှူးအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၁၇၄။ ကျန်းမာရေးဝန်ကြီးဌာန၏ ၇-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅ / ၃၀၅၈၀ အရ ဆေးတက္ကသိုလ် (မကွေး) မှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ အေးအေးဦး (ဆမ-၁၁၇၂၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၈-၅-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၈-၉-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၅) လှိုင်လင်မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၂၈ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်နိုင်စိုး အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)**

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများအချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ဝန်ကြီးရုံး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
ဝန်ကြီးရုံး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

၂။ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီသည် ဝန်ကြီးရုံးအပါအဝင် ကြီးကြပ်မှုအောက်ရှိ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင် အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ် သည်-

(က) ဝန်ကြီးရုံး၊ ဦးစီးဌာနတို့တွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်

များနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

( ခ ) အထက်ဌာနအဖွဲ့အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်နိုင်ရေး အတည်ပြုရယူဆောင်ရွက်သွားရန်၊

( ဂ ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနဘတ်ဂျက်မှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

( င ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ် အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

( စ ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင် သောကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးစိစစ်ကြပ်မတ်ရန်၊

(ဆ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက် ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက် ရမည့်လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်။

၃။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၃ ဖြင့် ဖွဲ့စည်းခဲ့သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအား ဤအမိန့်ကြော်ငြာစာနှင့်အတူ လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ကျော်စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်<br>(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်)

အမှတ် ၆၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| ဇော်ဝင်းသိန်း | ကြည်း | ၈၁၃၃၄ |

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၆၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| စဇော်မင်းထွန်း | ကြည်း | ၈၁၃၃၅ |

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမှတ် ၆၄/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ

သဘောတူခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကျော်မင်းထွန်း | ကြည်း | ၈၁၃၃၆ |
| (၂) | တင့်လွင် | ကြည်း | ၈၁၃၃၇ |

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၆၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | သန်းစိုး | ကြည်း | ၈၁၃၃၈ | ၄-၄-၂၀၂၅ |
| (၂) | အောင်မြင့် | ကြည်း | ၈၁၃၄၃ | ၅-၄-၂၀၂၅ |

အမှတ် ၆၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကျော်မြင့် | ကြည်း | ၈၁၃၃၉ |
| (၂) | ဘိုစံလှ | ကြည်း | ၈၁၃၄၀ |
| (၃) | စိန်မြင့် | ကြည်း | ၈၁၃၄၁ |
| (၄) | စောထွန်းမင်းဦး | ကြည်း | ၈၁၃၄၂ |

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

အမှတ် ၆၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | | |
|---|---|---|---|---|
| (၁) | ခင်မောင်အေး | ကြည်း | ၈၁၃၄၄ | ၁၄-၄-၂၀၂၅ |
| (၂) | မြင့်နိုင်ထွန်း | ကြည်း | ၈၁၃၄၅ | ၁၅-၄-၂၀၂၅ |
| (၃) | မင်းနိုင် | ကြည်း | ၈၁၃၄၆ | ၁၈-၄-၂၀၂၅ |
| (၄) | သန်းဌေး | ကြည်း | ၈၁၃၄၇ | ၁၈-၄-၂၀၂၅ |
| (၅) | ဇော်အောင်ရွှေ | ကြည်း | ၈၁၃၄၈ | ၂၁-၄-၂၀၂၅ |

## (လေတပ်ဌာနစု)

အမှတ် ၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ လေကြောင်းလမ်းပြကြီးအား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်စိုး လေ ၄၇၀၈

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## ငါးလုပ်ငန်းဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်)

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၃ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ကမ်းနီးငါးလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခန့်မှန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ (ရှိလျှင်) | အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာ အခေါ်အဝေါ်များ |
|---|---|---|---|
| | | **အုပ်စု (က) ငါးမျှားချိတ်နှင့် ငါးဖမ်းကိရိယာများ** | |
| ၁ | ငါးမျှားတန်း (ရေငန်) | လူတစ်ဦးလျှင် (၂၂၅၀) ကျပ် | (၁) ငါးမျှားတန်း<br>(၂) ရေမြုပ်တန်း<br>(၃) ရေပေါ်တန်း |
| | | **အုပ်စု (ခ) မျှောပိုက်နှင့် ရေပေါ်ပိုက်များ** | |
| ၂ | (က) မျှောပိုက် (လွှာချင်းရေငန်) | အတောင် ၁၀၀ အထိ (၃၇၅၀) ကျပ်<br>နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀) ကျပ် | (၁) မျှောပိုက်<br>(၂) ငါးသလောက်ပိုက်<br>(၃) ငါးမုတ်ပိုက်<br>(၄) ဂြိုဟ်တုပိုက်<br>(၅) ပိုက်ဖြူ<br>(၆) ပိုက်မင်းသား |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရှုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ (ရှိလျှင်) | အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာ အခေါ်အဝေါ်များ |
|---|---|---|---|
| | ( ခ ) မျှောပိုက် (သုံးထပ်ရေငန်) | အတောင် ၁၀၀ အထိ (၇၅၀၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀) ကျပ် | ပုစွန်သုံးထပ်ပိုက် (ရေငန်) |
| | ( ဂ ) ကကူရံပိုက် | အတောင် ၁၀၀ အထိ (၃၇၅၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀) ကျပ် | ကကူရံပိုက် (ကွဲရင်) |
| | (ဃ) ငါးကွမ်းရှပ် | အတောင် ၁၀၀ အထိ (၃၇၅၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀) ကျပ် | ငါးကွမ်းရှပ် (ဘီးဇင်း) (ဘီးညို) |
| | ( င ) ငါးသလောက် ဝိုင်းပိုက် | ပိုက် ၂၅ ဖုံအထိ တစ်ဝိုင်းလျှင် (၃၇၅၀၀) ကျပ် တစ်ဖုံပိုတိုင်း (၃၇၅၀) ကျပ် | ငါးသလောက် ဝိုင်းပိုက် |
| | ( စ ) ဝိုင်းချုပ်ပိုက် | အတောင် ၈၀၀ အထိ (၄၅၀၀၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀) ကျပ် | ပလာတူးဝိုင်းချုပ် ပိုက် |
| | (ဆ) ဝိုင်းချုပ် ပိုက်ငယ် | အတောင် ၄၀၀ အထိ (၂၂၅၀၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၇၅၀၀) ကျပ် | ငါးနီတူဝိုင်း (ကျော့ပိုက်) |
| ၃ | ကျည်ထောင်ပိုက် | အတောင် ၁၀၀ အထိ (၃၇၅၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀) ကျပ် | (၁) ကျည်ထောင်ပိုက် (၂) ကျောက်ငိုပိုက် |
| **အုပ်စု (ဂ) တန်းပိုက်များ** | | | |
| ၄ | တန်းပိုက်အမျိုးမျိုး (ရေငန်) | အတောင် ၁၀၀ အထိ (၃၇၅၀) ကျပ် နောက်ထပ်အတောင် ၂၀၀ ပိုတိုင်း (၃၇၅၀) ကျပ် | (၁) စိန်ပိုက် (၂) ကန့်လန့်ကာ |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရှုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ (ရှိလျှင်) | အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာ အခေါ်အဝေါ်များ |
|---|---|---|---|
| | **အုပ်စု (ဃ) ကော်ခပ်၊ မြုပ်ခပ်သည့် ငါးဖမ်းကိရိယာများ** | | |
| ၅ | (က) ပေါ်ခပ် | ကင်းလွတ် | (၁) ဝေါ်ပိုက်<br>(၂) မျှင်ပိုက် (ငွေးထိုး) |
| | (ခ) ယက်သဲ့ | ကင်းလွတ် | (၁) ယက်သဲ့<br>(၂) ချည်ယက်သဲ့<br>(၃) နိုင်လွန်ယက်သဲ့<br>(၄) ဆန်ခါ |
| | (ဂ) ရေခူ | စက်မဲ့လှေငယ်တစ်စီးနှင့် လူတစ်ဦးလျှင် (၃၇၅၀) ကျပ်<br>လူတစ်ဦးထက်ပိုတိုင်း (၁၅၀၀) ကျပ် | ရေခူ |
| | **အုပ်စု (င) ချုပ်ပိုက်နှင့် ပိုက်အိတ်များ** | | |
| ၆ | (က) တိုင်ထောင်မျှင်<br>(ခ) ပိုက်ခမင်း<br>(ဂ) ပိုက်စိမ်း | ကင်းလွတ်<br>ကင်းလွတ်<br>ကင်းလွတ် | တိုင်ထောင်မျှင်<br>ပိုက်ခမင်း<br>ပိုက်စိမ်း |
| ၇ | ပိုက်ကဏန်း | လှေတစ်စီးပိုက်တစ်ဖုံ (၁၁၂၅၀) ကျပ် | (၁) ဂါးဖောင်<br>(၂) မျှင်ဖောင် |
| ၈ | (က) ကျားပါးစပ် (ရေငန်) | ခေါင်းကြီး – ၂၀ တောင်အောက် (၁၅၀၀၀) ကျပ်<br>၄၀ တောင်အောက် (၂၂၅၀၀) ကျပ်<br>၅၀ တောင်အောက် (၃၀၀၀၀) ကျပ်<br>၅၀ တောင်အထက် (၃၇၅၀၀) ကျပ်<br>(ရေချိုနှင့် ရေငန်ပိုက်များ) | ကျားပါးစပ် |
| | (ခ) ကျားပါးစပ် (ရေငန်) | ခေါင်းကြီး – ၇၀ တောင်အောက် (၃၃၇၅၀) ကျပ်<br>၈၀ တောင်အောက် (၃၇၅၀၀) ကျပ်<br>၉၀ တောင်အောက် (၄၁၂၅၀) ကျပ်<br>၉၀ တောင်အထက် (၄၅၀၀၀) ကျပ် | အင်္ဂလန်ကျား<br>ပင်လယ်ကျား<br>ကျားကြီး |

| စဉ် | အမျိုးအစား ဖော်ပြချက်နှင့် ရှုံးသုံးအမည် | အခွန်နှုန်းနှင့် အထူးသတ်မှတ်ချက်များ (ရှိလျှင်) | အကျယ်ဖော်ပြသည့် အမျိုးအစား ဖော်ပြချက်နှင့် မြန်မာ အခေါ်အဝေါ်များ |
|---|---|---|---|
| | | အုပ်စု (စ) ကျောက်ချရေစီးခံငါးဖမ်းကိရိယာ | |
| ၉ | (က) ပင်လယ်ခမင်း<br><br>( ခ )  ခမင်းမြှုး | လူတစ်ဦးလျှင် (၃၇၅၀၀) ကျပ်<br><br>ကင်းလွတ် | (၁) ပင်လယ်ခမင်း<br>(၂) ခမင်း<br>(၁) ခမင်းမြှုး<br>(၂) ပင်လယ်မြှုး |
| ၁၀ | လှေခမင်း | တစ်ခုလျှင် (၁၁၂၅၀) ကျပ် | လှေခမင်း |
| | | အုပ်စု (ဆ) အတားအဆီးထောင်ချောက်ငါးဖမ်းကိရိယာ | |
| ၁၁ | ပသျှူးဝင်း | တစ်ခုလျှင် (၅၂၅၀) ကျပ် | ပသျှူးဝင်း |
| ၁၂ | (က) လွတ်ကြီး<br><br>( ခ )  ငါးဖမ်းကျုံး (ရေငန်) | တစ်ခုလျှင် (၁၅၀၀၀) ကျပ်<br><br>တစ်လုံးလျှင် (၇၅၀၀၀) ကျပ် | (၁) ကုန်းလွတ်<br>(၂) လွတ်<br>ငါးဖမ်းကျုံး<br>(ရေငန်) |
| ၁၃ | တိုင်ထောင်ခမင်း | တစ်ခုလျှင် (၇၅၀၀) ကျပ် | တိုင်ထောင်ခမင်း |
| ၁၄ | စန္ဒား | အဝ ၁၂ တောင်ကျော်<br>အလျား ၃၀ တောင်ကျော် (၃၀၀၀၀) ကျပ်<br>အဝ ၉ တောင်ကျော်<br>အလျား ၂၅ တောင်ကျော် (၁၈၇၅၀) ကျပ်<br>အဝ ၆ တောင်ကျော်<br>အလျား ၁၅ တောင်ကျော် (၁၁၂၅၀) ကျပ်<br>အဝ ၆ တောင်အောက်<br>အလျား ၁၅ တောင်အောက် (၇၅၀၀) ကျပ်<br>(တင်ဒါလိုင်စင်ချထားလျှင် အာမခံကြေး သွင်းရမည်) | (၁) စန္ဒားကြီး<br><br>(၂) စန္ဒားငယ်<br><br>(၃) ဟိန်လုံ<br><br>(၄) ကာတလိုင်း |
| | | အုပ်စု (ဇ) ထောင်ချောက်များ | |
| ၁၅ | မြှုးကြီး (ရေငန်) | တစ်လုံးလျှင် (၁၁၂၅၀) ကျပ် | မြှုးကြီး (ရေငန်) |

၂။ ဤအမိန့်ကြော်ငြာစာပါ အခွန်နှုန်းထားများသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အာဏာသက်ရောက်စေရမည်။

၃။ ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဝေလင်းမောင်
ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် (၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**TAR FA COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ (က) နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ဖျက်သိမ်းဆဲ **TAR FA COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေ့ – ၁၆-၆-၂၀၂၅

အစည်းအဝေးကျင်းပမည့်အချိန် – နံနက် (၉:၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ – တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်အေးသီတာ

B.Com (Q), CPA, PA–306

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Rm (801), Tower (B), 8th Floor,

50th Street Condo (AMPS),

Bet: Maharbandoola Road & Merchant Road,

Botahtaung Township, Yangon.

## CHINA CONSTRUCTION SAUSUM (MYANMAR) COMPANY LIMITED

Notice Under Section Insolvency Law

(Members Voluntary Winding–up)

Notice is hereby given that in accordance with the special resolutions of members meeting held on (28–3–2025) at Block 1–21–04, Golden City Condominium, Yankin Road, Yankin Township, Yangon Region, Myanmar.

(1) **CHINA CONSTRUCTION SAUSUM (MYANMAR) COMPANY LIMITED**(Registration Number: 101278948) is winding–up voluntarily with effectiveness from (28–3–2025) and Daw Phyu Phyu Nyein (MAIP No:–00182) had been appointed as a Liquidator with effectiveness from (28–3–2025).

(2) All debtors and creditors shall claim their debts with evidence documents to the liquidator by the following contact information until (26–5–2025).

Daw Phyu Phyu Nyein

Liquidator (MAIP No:–00182)

CHINA CONSTRUCTION SAUSUM (MYANMAR)

COMPANY LIMITED

Address: No. 42, 42 Street, 7 Quarter, Botahtaung Township, Yangon Region, Myanmar.

Phone Number: 09420011944

Email: phyuphyunyein1957@gmail.com

## SWITCH COMPANY LIMITED

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

### နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

**SWITCH COMPANY LIMITED** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအစည်းအဝေးကို အဆောက်အဦ-စီ(၁), အခန်းအမှတ်-၀၀၅, မြေညီထပ်၊ နှင်းဆီလမ်း၊ ယုဇနဟိုင်းဝေးကွန်းပလက်စ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၆-၆-၂၀၂၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြသွားမည်ဖြစ်ပါသည်။

U Papo Ganesan

B.A (English), R.L

Advocate (Registration No. 4647)

Khin Su Htay & Associates Legal and Tax Consultants Ltd

Liquidator

Email: papo@ytp.com.mm

Tel: 09 420140625, 09 250510266

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၇၀/ ၁၆-၅-၂၀၂၅။